**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

## ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ

## သတင်းလွှာ ( ၁ / ၂၀၂၃ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်

အကြောင်းအရာ ။ **မြန်မာ-တရုတ် နယ်စပ် မူဆယ် (မန့်ဝိန်း) ဝင်ထွက်ဂိတ်မှ ပို့ကုန်သွင်းကုန် ယာဉ်များ ဝင်ထွက်ခွင့်ပြုမည့်ကိစ္စ ထုတ်ပြန်ခြင်း**

၁။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုကြောင့် မြန်မာ-တရုတ် နယ်စပ် မူဆယ် - ရွှေလီ ဝင်ထွက်ဂိတ်များအား ၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစ၍ ယာယီပိတ်ထားခဲ့ပါသည်။

၂။ ယခုအခါ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုအား ထိန်းချုပ်လာနိုင်ပြီဖြစ်၍ ကုန်သွယ်မှု လုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများအား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှ စတင်၍ ပုံမှန်အတိုင်း ပြန်လည်ခွင့်ပြု ပေးမည်ဖြစ်ပါသည်။

၃။ ဤသို့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်ခွင့်ပြုပေးရာတွင် မူဆယ် (မန့်ဝိန်း) ဝင်ထွက်ဂိတ်မှ ကုန်သွယ်မှုယာဉ်များအား အောက်ပါအတိုင်း ဝင်ထွက်ခွင့်ပြုမည်ဖြစ်သည် -

(က) (၆) ဘီး ကုန်တင်ယာဉ်များကိုသာ အာဆီယံစံချိန်စံညွှန်းနှင့်အညီ ယာဉ်နှင့် ကုန် စုစုပေါင်း (၁၆)တန်အထိသာ တင်ဆောင်၍ ဝင်ထွက်ရမည်။

( ခ ) လယ်ယာထွက်ကုန်၊ သစ်သီးဝလံ၊ ရေထွက်ကုန်ပစ္စည်းနှင့် သတ္တုတွင်းထွက်များ မှအပ ကျန်ပို့ကုန်ပစ္စည်းများကိုသာ တင်ပို့ခွင့်ပြုမည်။

( ဂ ) ဒေသထွက် ကြံတင်ပို့သည့် ယာဉ်များအား (၆) ဘီး ကုန်တင်ယာဉ်ဖြင့် အာဆီယံ စံချိန်စံညွှန်းအတိုင်း ယာဉ်နှင့်ကုန် စုစုပေါင်း (၁၆)တန်အထိသာ မန့်ဝိန်း ဝင်ထွက်ဂိတ်မှ တင်ပို့ခွင့်ပြုမည်။

(ဃ) သွင်းကုန်အဖြစ် လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးနှင့်ဆေးပစ္စည်းများ၊ လျှပ်စစ် ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုမည်။

( င ) မြန်မာနိုင်ငံဘက်မှ ပို့ကုန်ယာဉ်နှင့်အတူ ယာဉ်မောင်း (၁) ဦးသာ တရုတ်နိုင်ငံ ဘက်မှ သတ်မှတ်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း (၄၈) နာရီ အတွင်း ဆေးစစ်ချက် အထောက်အထားဖြင့်သာ သွားရောက်ခွင့်ပြုမည်။

(စ) တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာမည့် သွင်းကုန်ယာဉ်နှင့်အတူ ယာဉ်မောင်း (၁)ဦးသာ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့၌ ထုတ်ပြန်ထားရှိသည့် မြန်မာ - တရုတ်နယ်စပ် ဝင်ထွက်ဂိတ်များမှ တစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးဝင်ရောက်ခွင့်ပြုမည်။

(ဆ) မန့်ဝိန်း ဝင်ထွက်ဂိတ်မှ တင်ပို့/တင်သွင်းမည့် ယာဉ်များအနေဖြင့် အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးမှုခံယူပြီးမှသာ ဝင်ထွက်ခွင့်ပြုမည်။

၄။ ကျိန်စန်းကျော့ ဝင်ထွက်ဂိတ်မှ ကုန်ပစ္စည်းတင်ပို့၊တင်သွင်းခြင်းများအား လက်ရှိအတိုင်း ဆက်လက် ဆောင်ရွက်ခွင့်ပြုမည်။

၅။ မူဆယ်မြို့အတွင်းသို့ (၆)ဘီး ကုန်တင်ယာဉ်များသာ ဝင်/ထွက်ခွင့်ပြုမည်ဖြစ်ပြီး ကျိန်စန်းကျော့လမ်းခွဲ ကျောက်တိုင်ကျော်လွန်၍ မူဆယ်ဘက်သို့ (၈)ဘီး ယာဉ်နှင့်အထက် ကုန်တင်ယာဉ်များအား ဝင်ထွက်ခွင့်မပြုပါ။

၆။ မြန်မာ - တရုတ် နယ်စပ် မူဆယ် (မန့်ဝိန်းဂိတ်) ပို့ကုန်သွင်းကုန်ယာဉ်များ ဝင်ထွက်ခွင့်ပြုမည့် အစီအစဉ်အား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် ( ၀၇ : ၀၀) နာရီအချိန်မှ စတင်ခွင့်ပြုသွားမည်။

**ကုန်သွယ်ရေးဦးစီးဌာန**